## ၆။ အကဲဖြတ်ခြင်း၏အခြေခံအချက်များ

ဒုတိယတန်း မြန်မာသင်ကြားရေးအတွက် အမှတ်ပေးစံဇယားဖြင့်စစ်ဆေးအကဲဖြတ်ရာတွင် ကလေးများ၏ လုပ်ဆောင်မှုနှင့် စိတ်ပါ ဝင်စားမှု တို့ကို အကဲဖြတ်ရမည်ဖြစ်ပါသည်။ ထို့အပြင် မေးခွန်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် ကလေးများ၏ အသိပညာ၊ စွမ်းရည်များကို အကဲဖြတ်စစ်ဆေးရမည် ဖြစ်ပါသည်။ အကဲဖြတ်ရာတွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်မည့် ပုံစံများ၏ နမူနာများကို ဖော်ပြထားပါသည်။

**မေးခွန်းပုံစံဖြင့်စစ်ဆေးအကဲဖြတ်ခြင်းပုံစံ**

| | |
|---|---|
| ဒုတိယတန်း | မြန်မာစာဘာသာရပ် |
| အခန်း | အခန်း (၁) သင်ခန်းစာ (ခ) အင်(-င်) အင့်(-င့်) အင်း(-င်း)အသတ်များ သင်ကြားကြစို့လား |
| ရည်ရွယ်ချက် | ဗျည်း၊ ဗျည်းတွဲနှင့် -င် -င့် -င်း အသတ်သင်္ကေတ ပေါင်းစပ်၍ အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် |

| | |
|---|---|
| တတ်ကျွမ်းမှုများ | မှတ်မိခြင်း<br>-င် -င့် -င်း အသတ် သင်္ကေတအသုံးကိုရွတ်ဖတ်ရေးသားတတ်ခြင်း၊ -င် -င့် -င်း အသတ် သင်္ကေတကို အသုံးပြုရေးသားတတ်ခြင်း |
| မေးခွန်းအမျိုးအစားနှင့် မေးခွန်းပုံစံ | နှုတ်မေးနှုတ်ဖြေနှင့် ရေးသားခြင်း<br>(အဖြေမှန်ရွေးစေခြင်း) |

**မေးခွန်းနမူနာ**

**အင်(–င်) အင့်(–င့်) အင်း(–င်း) အသတ် သင်္ကေတကို ရွေးချယ်၍ ရေးပြပါ။**

| မေးခွန်း | | အဖြေမှန် | |
|---|---|---|---|
| (က) ပြတင်းများဖွင့်ထားပါ။ | | (က) ပြတင်းများဖွင့်ထားပါ။ | တင်း၊ ဖွင့် |
| (ခ) ရေငင်နေသလား။ | | (ခ) ရေငင်နေသလား။ | ငင် |
| (ဂ) လယ်ကွင်းပြင်မှာရေဖွေးဖွေး | | (ဂ) လယ်ကွင်းပြင်မှာရေဖွေးဖွေး | ကွင်းပြင် |

မှတ်ချက် ။ ။ ကျောင်းတွင်လည်းကောင်းအိမ်စာအဖြစ်လည်းကောင်း ပေး၍ လေ့ကျင့်ပေးနိုင်ပါသည်။

| | |
|---|---|
| **တတ်ကျွမ်းမှုများ** | နားလည်ခြင်း<br>-င် -င့် -င်း အသတ် သင်္ကေတအသုံးကို နားလည်၍အသုံးပြုတတ်ခြင်း |
| **မေးခွန်းအမျိုးအစားနှင့် နမူနာပုံစံ** | နှုတ်မေးနှုတ်ဖြေနှင့် ရေးသားခြင်း<br>(စကားလုံးအမှန် ရွေးစေခြင်း၊ မျဉ်းသားစေခြင်း) |

**မေးခွန်းနမူနာ**

**–င် –င့် –င်း အသတ်သင်္ကေတပါသော စကားလုံးများကို ရွေး၍ကူးရေးပါ။**

(က) အစာများကို (ယင်၊ ယဉ်) မနားပါစေနဲ့။ — (က) အဖြေ။ ယင်

(ခ) (စဥ့်၊ စင့်) အိုးထဲမှာ ရွှေပြည့်ရှိတယ်။ — (ခ) အဖြေ။ စဥ့်

(ဂ) ပျိုမေလေးများ လယ်ထဲ(ဆင်း၊ စင်း)ကြမည်။ — (ဂ) အဖြေ။ ဆင်း

**–င် –င့် –င်း အသတ် သင်္ကေတများကိုမျဉ်းသားပါ။**


| မေးခွန်း | အဖြေမှန် |
|---|---|
| (က) သတင်းစာ နေ့စဉ်ကြည့်ရှုပါ။ | (က) သ<u>တင်း</u>စာ နေ့စဉ်ကြည့်ရှုပါ။ |
| (ခ) တွင်းရေ ကြည်လင်၏။ | (ခ) <u>တွင်း</u>ရေ ကြည်<u>လင်</u>၏။ |
| (ဂ) ပျိုးပင်များသယ်လာကြသည်။ | (ဂ) ပျိုး<u>ပင်</u>များသယ်လာကြသည်။ |

| | |
|---|---|
| **တတ်ကျွမ်းမှုများ** | အသုံးချခြင်း<br>-င် -င့် -င်း အသတ် သင်္ကေတအသုံးကို နားလည်၍အသုံးပြုတတ်ခြင်း |
| **မေးခွန်းအမျိုးအစားနှင့် နမူနာပုံစံ** | နှုတ်မေးနှုတ်ဖြေနှင့် ရေးသားခြင်း<br>စကားလုံးအမှန် ရွေးစေခြင်း |

**မေးခွန်းနမူနာ**

**ရုပ်ပုံကြည့်ကာ စာရေးပါ။**







အဖြေ။ အပင်

အဖြေ။ လယ်ကွင်း

အဖြေ။ ထမင်း

မှတ်ချက်။ ။ကျောင်းတွင်လည်းကောင်း၊အိမ်စာအဖြစ်လည်းကောင်းပေး၍ လေ့ကျင့်ပေးနိုင်ပါသည်။

## အမှတ်ပေးစံယှဉ်ဖြင့် စစ်ဆေးအကဲဖြတ်ခြင်းပုံစံ

| | |
|---|---|
| ဒုတိယတန်း | မြန်မာစာဘာသာရပ် |
| အခန်း | အခန်း (၈) သင်ခန်းစာ (ဂ) ပညာရှိဇီးကွက် |
| ရည်ရွယ်ချက် | ပုံပြင်ကို ဖတ်ရှုပြီး မိမိထင်မြင်ချက်များကို ပြောပြတတ်ရန်<br>ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့် စကားလုံးများကို ရှာဖွေတတ်ရန်<br>အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်တတ်ရန် |

### လုပ်ငန်း (၁)

| စစ်ဆေးမည့် အဓိကအချက် | အလွန်ကောင်း | သင့် | ထပ်မံကြိုးစားရန် |
|---|---|---|---|
| (၁) သိမှု<br>ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့် စကားလုံးများကို ရှာဖွေတတ်ရန် | - ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့်စကားလုံးများကို ရှာဖွေ၍ ဖတ်နိုင် ရေးနိုင်သည်။ | - ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့် စကားလုံးများကို ရှာဖွေ၍ ဖတ်နိုင်သည်။ | - ပါဌ်ဆင့် စကားလုံးများကို မှန်မှန်ကန်ကန် စာလုံးပေါင်း မဖတ်နိုင်ပါ။ |
| (၂) ခံစားမှု<br>အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်တတ်ရန် | - သူငယ်ချင်းအချင်းချင်း ညီညီညွတ်ညွတ် နေထိုင်လိုစိတ်ရှိကြောင်း ဖော်ထုတ်နိုင်သည်။ | - အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်ရမည်ကို နားလည်သွားသည်။ | - ပညာရှိဇီးကွက်စကားကို ကျေနပ်လက်ခံသည်။ |